# ဇီးကုန်းမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ
# အခန်း(၁)
# နိဒါန်းနှင့်ဒေသသမိုင်း

## နိဒါန်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ရှိဌာနဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများအကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကိုအောင်မြင် အောင်ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှအောက်ခြေ ရပ်ကွက်/ ကျေးရွာ အုပ်စုအဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားချောမွေ့စွာလည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက် တာဝန်များ၊အခြားဝန်ကြီးဌာနမှ ပေးအပ်သော တာဝန်များနှင့် ဒေသန္တရအစိုးရအဖွဲ့များမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက်အလက်များပြုစုခြင်းဖြင့် မိမိတို့၏လုပ်ငန်း ဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင်နယ်မြေ၏ အချက်အလက်များ ကိုလွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် ဇီးကုန်းမြို့နယ်၏ဒေသဆိုင်ရာ အချက်အလက်များ (၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလကုန်ထိ အခြေအနေ) ကို သက်ဆိုင်ရာဌာနအသီးသီးမှ ပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ ဇီးကုန်းမြို့နယ်ဟုခေါ်တွင်ရခြင်းမှာ အင်းဝခေတ်နှောင်း၊ ပုဂံမြို့စား ၏သားတော်ဖြစ်သည့် သာယာဝတီနန်းဆက်ကို စတင်တည်ထောင်သော သုံးမြို့ရှင်အမည်ခံ သတိုးနော်ရထာမင်းသည် တိုင်းခန်း လှည့်လည်တော် မူစဉ် နန်းစိုက်စိုးစံရာ သာယာဝတီ မြို့ဟောင်း ကြို့ပင်ကောက်မြို့နယ်၏ အရှေ့ဘက် (၈)မိုင်အကွာ ယခု မြို့တွင်း ကျေးရွာ)မှ အနောက်ဘက် ယွန်းယွန်းသို့ ကြွချီတော်မူခဲ့ရာ ဆင်ပိုက်၊ ကျခတ်တန်း ကျေးရွာများသို့ ဖြတ်သန်းခဲ့ ပြီးနောက် သာယာပြန့်ပြူး၍ နံဘေးတွင်ဇီးပင်အများအပြား စီတန်းပေါက် ရောက်နေသောကုန်း တစ်ခုသို့ရောက်ခဲ့ကြသည်။ သတိုး နော်ရထာမင်းသည် စိတ်ကြည်နူးခဲ့သည်ကတစ်ကြောင်း၊ ဆင်၊ မြင်းတို့ကို အစာကျွေးလိုသည်က တစ်ကြောင်းခေတ္တစခန်းချခဲ့သည်။ ဤတွင်ရှေးသူ ဟောင်းများတို့၏ ဓလေ့ထုံးစံအရ ရွာအမည်၊ မြို့အမည် များကို အမည်ပေး လေ့ရှိရာ ပတ်ဝန်းကျင်ရှိ ထူးခြားသော အချက်အလက်များနှင့် ဝိသေသ လက္ခဏာများကိုကြည့်၍ မိမိစခန်းချနေသော ဤကုန်းတန်းလေးကို (ဇီးကုန်း)ဟုခေါ်တွင်စေခဲ့ပါသည်။ သတိုးနော်ရထာစခန်းချ၍ ဇီးကုန်းဟု အမည်သညာပြုခဲ့သောနေရာမှာ ယခုဇီးကုန်းရွာမရပ်ဖြစ်ခဲ့ ပါသည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၏ (၂၈.၂.၁၉၇၃)ရက်စွဲပါ စာအမှတ် (၁ဝ၃/၅၈/ စိတ်(၁)ဖြင့် (၅.၃.၁၉၇၃) ရက်စွဲပါစာအမှတ်၊ ၃/၁၅၉/အထ(၂)ဖြင့် ကျေးရွာနှင့် ကျေးရွာ အုပ်စုများကို ဖွဲ့စည်းပေးခဲ့ပါသည်။ ဇီးကုန်း မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးကို (၂၈.၂.၁၉၇၃) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

## အခန်း(၂)
## ပထဝီဝင် အနေအထား

### တည်နေရာနှင့်အကျယ်အဝန်း

၃။ ဇီးကုန်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၇ မိနစ်နှင့် ၁၈ ဒီဂရီ ၂၂ မိနစ်အကြား အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ်၊ ၉၅ ဒီဂရီ ၄၇ မိနစ်အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၂၆) မိုင်နှင့် တောင်မှမြောက်သို့(၅.၅)မိုင်ရှည်လျားပါသည်။ ဇီးကုန်းမြို့၏ ဧရိယာ စတုရန်းမိုင်မှာအောက်ပါအတိုင်းဖြစ်ပါ သည်-

| စဉ် | မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | ဇီးကုန်း | ၁.၃၇၅ | ၉၃.၂၈၇ | ၉၄.၆၆၂ |
| **မြို့နယ်ချုပ်** | **၁** | **၁.၃၇၅** | **၉၃.၂၈၇** | **၉၄.၆၆၂** |

### နယ်နိမိတ်

၄။ ဇီးကုန်းမြို့နယ်၏ အရှေ့ဘက်တွင် နတ်တလင်းမြို့နယ်၊ တောင်ဘက်တွင် ကြို့ပင်ကောက်မြို့နယ်နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် ကြို့ပင်ကောက် မြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် နတ်တလင်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ် လျက်ရှိ ပါသည်။

### မြေမျက်နှာသွင်ပြင်

၅။ ဇီးကုန်းမြို့နယ်သည် အရှေ့ဘက် ဘော်ဘင်ကျေးရွာအုပ်စုမှာ တောင်ခြေကွင်းဆက်ဖြစ်၍ ဆင်ခြေလျှောရှိပြီး အနောက်ဘက် စပါယ်မျှောင် ကျေးရွာအုပ်စုသည် ချိုင့်ဝှမ်းဒေသဖြစ်ပါသည်။ ကျန်ကျေးရွာ အုပ်စုများသည် လွင်ပြင်များ ဖြစ်ပါသည်။

**ရေဆင်း**

၆။ ဇီးကုန်းမြို့နယ်တွင် ပဲခူးရိုးမမှစတင်လျှက် မင်းဘူးချောင်း နှင့် ဘော်ဘင်ချောင်းတို့သည် အရှေ့မှ အနောက်သို့ စီးဆင်းရာ ကန္တလီ ချောင်းဆုံတွင် ၎င်းချောင်းများပေါင်း၍ ဘော်ဘင်ချောင်းအဖြစ် တည်ရှိ သည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

**၇။** ဇီးကုန်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၉၅) ပေ အမြင့်တွင် တည်ရှိသည်။

## အခန်း(၃)
## ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

**ရာသီဥတု**

၈။ ဇီးကုန်းနယ်သည် ပူနွေးသောရာသီဥတုရှိပြီး ၊ အမြင့်ဆုံးအပူချိန် (၄၈˚C)နှင့်အနိမ့်ဆုံးအပူချိန်မှာ (၂၃˚C) ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့ သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ် ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (.C) | ဆောင်းရာသီ (.C) |
| | | | | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၁၇ | ၉၂ | ၅၇.၉၃ | ၄၀ | ၁၈ |
| ၂ | ၂၀၁၈ | ၇ | ၆.၆၆ | ၄၀ | - |
| ၃ | ၂၀၁၉ | ၆၅ | ၄၅.၂၆ | ၄၀ | ၂၀ |
| ၄ | ၂၀၂၀ | ၅၆ | ၄၂.၆၆ | ၄၂ | ၁၉ |

## သဘာဝပေါက်ပင်များ

၉။ ဇီးကုန်းမြို့နယ်အတွင်းပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ရတနာတန်းဝင် အပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာအုပ်စုအဖြစ် လယ်စ၊ နဘဲ၊ ချဉ်ယုတ်၊ သစ်ယာ၊ ထောက်ကြန့်၊ ဆိတ်ချိုး၊ လိပ်၊ ဒီးတူး၊ ပျဉ်းမ၊ မအူ၊ ဖတ်သန်း၊ သံသေ၊ သပြေ၊ ကုက္ကို၊ မကျီး၊ ဆီး၊ မျှင်ဝါး၊ သိုက်ဝါး၊ တင်းဝါး၊ဝါးဖြူ၊ ကျသောင်း ဝါး၊ ဝါးပိုးဝါး၊ ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုမ္မရာဇာ၊ ငု၊ မင်းကိုကာ၊ သက်ရင်း၊ ဇီးဖြူ၊ ဆင်တုံးမနွယ်၊ ကံ့ကြုတ်နီ၊ ကတက်၊ ရင်းဖျား၊မိတ်သလင်၊ လက်ပံခါး၊ သစ်ဆိမ့်၊ ဖန်ခါး စသည့်အပင်များ ပေါက်ရောက်ပါသည်။

## တောရိုင်းတိရစ္ဆာန်များ

၁၀။ ဇီးကုန်းမြို့နယ်တွင် တွေ့ရှိရသော တောရိုင်းတိရစ္ဆာန် များမှာ ဖွတ်၊ ကြက်၊ ငှက်၊ ယုန်၊ မြောက်၊ တောကြောင်၊ နွား၊ ဆိတ်၊ မြွေ၊ ဗျိုင်း၊ တောက်တဲ့၊ ငါးရံ့၊ ငါးဖမ်းမ၊ ငါးခူ၊ ငါးကျီး၊ ငါးခုံးမ၊ ငါးရှဉ့်၊ ဖား၊လိပ်၊ လယ်ဂဏန်း၊ စပါးကြီးမြွေ၊ စပါးအုံး၊ ငန်းတော်ကြား၊ သံဂွင်းစွပ်၊ မြွေပွေး၊ မြွေဟောက်၊ လင်းမြွေ၊ မြွေစိမ်း၊ မြွေလက်ပတ်၊ သစ်တက်ငန်း၊ ငန်းစောင်း၊ ကင်းမြီးကောက်၊ ကင်းခြေများ စသည်တို့ ဖြစ်ပါသည်။

## သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ

၁၁။ ဇီးကုန်းမြို့နယ်၏လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု (၃.၄၁၅%)ရှိပါသည်။ ၎င်းအနက်မှကြိုးဝိုင်းသစ်တောဖုံးလွှမ်း မှုမှာ(၁၄.၄၅%)ဖြစ်ပြီး ကြိုးပြင်ကာကွယ်တော ဖုံးလွှမ်းမှုမရှိပါ။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ ဇီးကုန်းမြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း များအတွက် ကြိုးဝိုင်းတော(၈၇၅၉)ဧက ထိန်းသိမ်းလျက်ရှိပါသည်။ သစ်တော စိုက်ခင်း တည်ထောင်နိုင်မှုမှာပုဂ္ဂလိကကျွန်း စိုက်ခင်း(၂၈၅၀) ဧက၊ သစ်မာ(၇) ဧက၊ ကျေးရွာထင်းစိုက်ခင်း(၂၁၂၆) ဧက၊ ရေဝေရေလဲ စိုက်ခင်း(၁၄၀၀)ဧက ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

၁၃။ ဇီးကုန်းမြို့နယ်သည် ထူးခြားသောသဘာဝဘေးအန္တရာယ် ကျရောက် လေ့မရှိပါ။ ဇီးကုန်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | ဖြစ်ပွါး ကြိမ် | သေ/ပျောက် ဦးရေ | အဆောက် အဦး ပျက်စီးမှု | ဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | **လေဘေး** | **၁** | **၁** | **-** | **၀.၃၀** |
| ၂ | **ဆူနာမီဘေး** | **-** | **-** | **-** | **-** |
| ၃ | **ငလျင်ဘေး** | **-** | **-** | **-** | **-** |
| ၄ | **ရေဘေး** | **-** | **-** | **--** | **-** |
| ၅ | **မီးဘေး** | **၁** | **-** | **၁** | **၀.၁၆** |
| **ပေါင်း** | | **၂** | **၁** | **၁** | **၀.၄၆** |

# အခန်း(၄)

# လူဦးရေဆိုင်ရာအချက်အလက်များ

## နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ ဇီးကုန်းမြို့တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ်လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၁ | ၇၀၈၈၁ | - |
| ၂ | ကယား | - | ၇၀၈၈၁ | - |
| ၃ | ကရင် | ၉၄၀ | ၇၀၈၈၁ | ၁.၃၃ |
| ၄ | ချင်း | ၆၀၆ | ၇၀၈၈၁ | ၀.၈၅ |
| ၅ | မွန် | ၁ | ၇၀၈၈၁ | - |
| ၆ | ဗမာ | ၆၈၅၇၄ | ၇၀၈၈၁ | ၉၆.၇၄ |
| ၇ | ရခိုင် | ၃၃ | ၇၀၈၈၁ | ၀.၀၅ |
| ၈ | ရှမ်း | ၁၈ | ၇၀၈၈၁ | ၀.၀၃ |
| ၉ | ပအိုဝ်း | | ၇၀၈၈၁ | |
| ၁၀ | ဓနု | - | ၇၀၈၈၁ | |
| ၁၁ | တောင်ရိုး | - | ၇၀၈၈၁ | |
| ၁၂ | ပလောင် | - | ၇၀၈၈၁ | |
| ၁၃ | အခြား | - | ၇၀၈၈၁ | |
| | **မြို့နယ်ချုပ်** | **၇၀၁၇၃** | ၇၀၈၈၁ | **၉၉.၀၀%** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ ဗီးကုန်းမြို့နယ်၏၂၀၂၀ခုနှစ် စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အိမ်ခြေ/အိမ်ထောင်စု**

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၄၀၂၅ | ၄၀၇၅ | ၅ | - | - |
| ၂ | ကျေးလက်နေ | ၁၄၈၈၀ | ၁၅၅၁၁ | - | ၂၉ | ၁၃၂ |
| **မြို့နယ်ချုပ်** | | **၁၈၉၀၅** | **၁၉၅၈၆** | **၅** | **၂၉** | **၁၃၂** |

**(ခ) လူဦးရေ**

| စဉ် | အကြောင်းအရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **မြို့နေ** | ၄၉၂၀ | ၆၃၀၈ | ၁၁၂၂၈ | ၁၉၀၅ | ၁၉၉၉ | ၃၉၀၄ | ၆၈၂၅ | ၈၃၀၇ | ၁၅၁၃၂ |
| ၂ | **ကျေးလက်နေ** | ၂၀၉၂၈ | ၂၂၉၄၁ | ၄၃၈၆၉ | ၆၁၀၇ | ၅၇၇၃ | ၁၁၈၈၀ | ၂၇၀၃၅ | ၂၈၇၁၄ | ၅၅၇၄၉ |
| **မြို့နယ်ချုပ်** | | **၂၅၈၄၈** | **၂၉၂၄၉** | **၅၅၀၉၇** | **၈၀၁၂** | **၇၇၇၂** | **၁၅၇၈၄** | **၃၃၈၆၀** | **၃၇၀၂၁** | **၇၀၈၈၁** |

## လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

၁၆။ ဇီးကုန်းမြို့နယ်၏ ၂၀၂၀ခုနှစ် လူဦးရေတိုးနှုန်းကျား၊ မ အချိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

| စဉ် | မြို့နယ်/ မြို့ | ယခင်နှစ် လူဦးရေ | ယခုနှစ် လူ ဦးရေ | တိုး လာ ဦးရေ | တိုး နှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | ဇီးကုန်း မြို့နယ် | ၇၀၆၃၈ | ၇၀၈၈၁ | ၂၄၃ | ၀.၃၄ | ၃၃၈၆၀ | ၃၇၀၂၁ | ၁:၁.၁ |
| **မြို့နယ်ချုပ်** | | **၇၀၆၃၈** | **၇၀၈၈၁** | ၂၄၃ | **၀.၃၄** | **၃၃၈၆၀** | **၃၇၀၂၁** | **၁:၁.၁** |

## ( ခ ) မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မူလလူ ဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ဇီးကုန်း မြို့နယ် | ၇၀၆၃၈ | ၆၉၀ | ၆၃၉ | ၆၈၃ | ၄၉၁ | ၇၀၈၈၁ |
| **မြို့နယ်ချုပ်** | | ၇၀၆၃၈ | ၆၉၀ | ၆၃၉ | ၆၈၃ | ၄၉၁ | ၇၀၈၈၁ |

## ကိုးကွယ်သည့်ဘာသာ

၁၇။ ဇီးကုန်းမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | ဗုဒ္ဓ ဘာသာ | ခရစ်ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ဇီးကုန်း မြို့နယ် | ၆၈၉၂၃ | ၁၃၈၈ | ၁၄၄ | ၄၂၆ | - | - | ၇၀၈၈၁ |
| **မြို့နယ်ချုပ်** | | **၆၈၉၂၃** | **၁၃၈၈** | **၁၄၄** | **၄၂၆** | **-** | **-** | **၇၀၈၈၁** |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ ဇီးကုန်းမြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်သူ ဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | နိုင်ငံခြား သား လူမျိုး | နေထိုင်ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | ဇီးကုန်း | တရုတ် | ၁၈၆ | ၇၀၈၈၁ | ၀.၂၆ |
| ( ခ) | ဇီးကုန်း | အိန္ဒိယ | ၅၂၂ | ၇၀၈၈၁ | ၀.၇၄ |
| (ဂ) | ဇီးကုန်း | ပါကစ္စတန် | - | - | |
| **မြို့နယ်ချုပ်** | | | **၇၀၈** | **၇၀၈၈၁** | ၁.၀၀ |

# အခန်း(၅)

# အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

## အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ ဇီးကုန်းမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ဇီးကုန်း | ၁ | ၅ | ၂၉ | ၁၃၂ |
| မြို့နယ်ချုပ် | | ၁ | ၅ | ၂၉ | ၁၃၂ |

## ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

၂၀။ ဇီးကုန်းမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

**အဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | ဦးကျော်မိုးဦး | ကုန်သည် | ဥက္ကဋ္ဌ |
| ၂ | ဦးဇော်ဝင်း | ပြန်/ဆက်ဦးစီး(ငြိမ်း) | အဖွဲ့ဝင် |
| ၃ | ဦးခင်မောင်စီ | ကုန်သွယ်ရေး(ငြိမ်း) | အဖွဲ့ဝင် |
| ၄ | ဦးဉာဏ်လင်းအောင် | မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၅ | ဒေါ်ခင်သင်းရီ | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၆ | ဒေါ်တင်တင်မြိုင် | မြို့နယ်စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |
| ၇ | ဒေါ်မာမာဦး | ပြန်/ဆက်ဦးစီး | အဖွဲ့ဝင် |
| ၈ | ဦးမျိုးဇင်ဝင်း | အမှုဆောင်အရာရှိ၊စည်ပင် | အဖွဲ့ဝင် |

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၉ | ဦးအောင်ကျော်မိုး | ဦးစီးအရာရှိ၊လဝက | အဖွဲ့ဝင် |
| ၁၀ | ဒေါက်တာဇော်နိုင်ဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | အဖွဲ့ဝင် |
| ၁၁ | ဦးလှမိုး | မြို့နယ်ဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၁၂ | ဦးသက်မိုး | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၁၃ | ဒေါ်ခင်သန်းငွေး | ကုန်သည် | အဖွဲ့ဝင် |
| ၁၄ | ဦးတင်အောင် | ပညာရေး(ငြိမ်း) | အဖွဲ့ဝင် |
| ၁၅ | ဦးခင်ဇော် | ကုန်သည် | အဖွဲ့ဝင် |
| ၁၆ | ဒေါ်ဆုသန္တာ | ဦးစီးအရာရှိ၊ ကော်မရှင် | အတွင်းရေးမှူး |

## (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မြို့နယ်/ မြို့လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | ဖီးကုန်း မြို့နယ် | ၇၀၈၈၁ | ၂၆၈၉၃ | ၃၀၅၇၂ | ၅၇၄၆၅ |
| **မြို့နယ်ချုပ်** | | **၇၀၈၈၁** | **၂၆၈၉၃** | **၃၀၅၇၂** | **၅၇၄၆၅** |

## (ဂ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဌ | အတွင်းရေးမှူး | အမှုဆောင်ဦးရေ | ပါတီအင်အား |
|---|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုးပါတီ | ဒေါ်နှင်းအိအိဝင်း | ဦးဇော်လင်းထွန်း | ၁၅ | ၁၇၂၀၆ |
| ၂ | NLD ပါတီ | ဦးလှိုင်ဝင်း | ဦးမြင့်နိုင်ဦး | ၁၉ | ၅၆၁၅ |
| ၃ | တစည ပါတီ | ဦးသန်းထွန်း | ဦးစိုးဝင်းလှိုင် | ၁၀ | ၃၂၀ |
| ၄ | တောင်သူ လယ်သမားပါတီ | ဦးမောင်မောင်ဦး | ဦးမြင့်ရွှေ | ၂၁ | ၂၇၂၅ |
| ၅ | ပြည်ထောင်စုကောင်း ကျိုးဆောင်ပါတီ | ဦးအေးရွှေ | ဦးကျော်ကျော် | ၂၀ | ၆၀၅၀ |
| ၆ | ပြည်သူ့ရှေ့ဆောင်ပါတီ | ဦးမျိုးသက်အောင် | ဦးသန်းနိုင်ထွန်း | ၇ | ၁၅ |
| ၇ | လူ့ဘောင်သစ်ဒီမို ကရက်တစ်ပါတီ | ဦးစောအေး | ဦးစိုးစိုး | ၅ | |

# အခန်း(၆)

## စီးပွားရေးဆိုင်ရာအချက်အလက်

### စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ ဇီးကုန်းမြို့နယ်သည်ပဲခူးတိုင်းဒေသအတွင်းတွင် တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိဒေသခံပြည်သူလူထုသည် စိုက်ပျိုးလုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထို့အပြင် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ ဇီးကုန်းမြို့နယ်သည် အခြားဒေသများသို့ ကုန်းလမ်းများဖြင့်သွားလာနိုင်ပြီး လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်များမှာ ဆန်စပါးနှင့် မတ်ပဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ သို့အများဆုံးတင်ပို့ရောင်းချပါသည်။ ဇီးကုန်း မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးမှ စားကုန်ပစ္စည်းများကို အဓိက တင်သွင်းရပါသည်။

### မြေအသုံးချမှု

၂၂။ ဇီးကုန်းမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့်ဧကအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | **၄၄၉၁၆** |
| | (က) လယ်မြေဧရိယာ | ၄၄၅၈၀ |
| | (ခ) ယာမြေ | ၃၁၁ |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၂၅ |
| | (င) ဓနိ | - |

| | | |
|---|---|---|
| ၂ | လုပ်ထားမြေရေိယာပေါင်း | **-** |
| | (က) လယ်မြေဧရိယာ | **-** |
| | ( ခ) ယာမြေ | - |
| | ( ဂ) ကိုင်း/ကျွန်းမြေ | - |
| | ( ဃ) ဥယျာဉ်မြေ | - |
| | ( င) ဓနိ | - |
| ၃ | သီးသန့်သစ်တောကြိုးဝိုင်း | **၆၂၄၆** |
| ၄ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | **၉၃၀၄** |
| | (က) စားကျက်မြေ | ၁၃၂၃ |
| | (ခ )စက်မှုလုပ်ငန်းသုံးမြေ | ၁၃၃ |
| | (ဂ) မြို့မြေ | ၅၀၁ |
| | (ဃ) ရွာမြေ | ၂၉၈၂ |
| | (င) အခြားမြေ | ၁၈၉ |
| | (စ) မြစ်ချောင်းရေအောက်မြေ | ၁၈၁၀ |
| | (ဆ) မီးရထားလမ်းမြေ | ၆၃ |
| | (ဇ) လမ်းမြေ | ၉၀၃ |
| | (ဈ) ဆည်မြောင်းမြေ | ၇၉၂ |
| | (ည) သာသနာသုသာန်မြေ | ၆၀၈ |
| ၅ | **ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ** | |
| ၆ | တောရိုင်း | **၈၄** |
| ၇ | မြေရိုင်း | **၃၄** |
| စုစုပေါင်း | | **၆၀၅၈၄** |

## ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

၂၃။ ဇီးကုန်းမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက် ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **ကိုယ့်အားကိုယ်ကိုးဆည်များ။ မရှိပါ။**

(ခ) **မြစ်ရေတင်စီမံကိန်းများ။ မရှိပါ။**

(ဂ) **တာတမံများ/ရေထိန်းတံခါး**

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြုဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အရှည် (ပေ) | | |
| ၁ | ရွှေဖလားတမံ | မြေသား | ၂၅၀ | ဆင်ကျုံးတမံမှ ခွဲထွက်ခြင်း | ၄၇၀ |
| ၂ | ကြို့ပင်တမံ | ״ | ၂၅၀ | ״ | ၂၆၅ |
| ၃ | ဝက်စာပိုးတမံ | ״ | ၁၀၀ | ဝက်စာပိုးချောင်း | ၁၀၂ |
| ၄ | ချောင်းစောက်တမံ | ״ | ၂၅၀ | ချောင်းစောက်ချောင်း | - |
| ၅ | ဦးညှက်လှတမံ | ״ | ၂၅၀ | ဝက်စာပိုးချောင်း | ၃၀၈ |
| ၆ | ဝွေးပင်ကုန်တမံ | ״ | ၁၇၅ | သဲဖြူချောင်း | ၄၁၄ |
| ၇ | ဘုန်းကြီးတမံ | ״ | ၂၀၀ | ရွှေဖလားချောင်း | ၅၃၅ |
| ၈ | မော်ရတမံ | ״ | ၁၅၀ | မော်ရချောင်း | ၂၃၇ |
| **မြို့နယ်ချုပ်** | | **၈** | **၁၆၂၅** | **၆** | **၂၃၃၁** |

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ ဇီးကုန်းမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံ အမည် | ၂၀၁၉-၂၀၂၀ လျာထားဧက | | ၂၀၁၉-၂၀၂၀ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက် (တင်း) |
| ၁ | စပါးပေါင်း | နွေ | ၄၉၄၉ | ၂၅၈၂ | ၂၅၈၂ | ၉၃.၁၅ | ၂၄၀၅၁၃ |
| ၂ | မြေပဲ | မိုး | ၄၈၀၇၇ | ၄၈၀၇၉ | ၄၈၀၇၉ | ၇၇.၅၆ | ၃၆၇၀၂၉၅ |
| | | မိုး | ၄၉ | ၂၅ | ၂၅ | ၅၀.၄၇ | ၁၂၆၂ |
| | | ဆောင်း | ၄၂ | ၄၂ | ၄၂ | ၅၀.၉၁ | ၂၁၃၈ |
| ၃ | နှမ်း | မိုး | ၂၅၈ | ၂၅၈ | ၂၅၈ | ၉.၅၈ | ၂၄၇၂ |
| | | ဆောင်း | ၅၅ | ၄၅ | ၄၅ | ၆.၈၅ | ၃၀၈ |
| ၄ | နေကြာ | ဆောင်း | ၇ | - | - | - | - |
| ၅ | မတ်ပဲ | ဆောင်း | ၃၇၂၅၂ | ၃၇၇၈၃ | ၃၇၇၈၃ | ၁၆.၀၉ | ၆၀၇၉၂၈ |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | ၁၃၅ | ၅၇၀ | ၅၇၀ | ၁၄.၈၆ | ၈၄၇၀ |
| ၇ | ပဲစင်းငုံ | - | | - | - | - | - |
| ၈ | ဝါ | - | | - | - | - | - |
| ၉ | ကြံ | - | | ၅၇ | ၅၇ | ၂၂.၀၀ | ၁၂၅၄ |
| ၁၀ | အစေ့ထုတ် ပြောင်း | - | | - | - | - | - |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက် (ဧက) | ရိတ် (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | သစ်ဆိမ့် | ၄၁ | ၄၁ | - | - |
| ၂ | ရာဘာ | - | - | - | - |
| ၃ | ရှောက်/သံပုရာ | ၂၆ | ၂၆ | ၆၂၆၂.၆၉ | ၁၆၂၈၃၀ |
| ၄ | သရက် | ၄၄၆ | ၄၄၆ | ၁၀၉၂၀ | ၄၈၇၀၃၂၀ |
| ၅ | ကျွဲကော/ ရှောက်ချို | ၁၇ | ၁၇ | ၂၇၅၈.၈၂ | ၄၆၉၀၀ |
| ၆ | သီဟိုဠ် | - | - | - | - |
| **မြို့နယ်ချုပ်** | | **၅၃၀** | **၅၃၀** | **၁၉၉၄၁.၅၁** | **၅၀၈၀၀၅၀** |

## (ဂ) အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံအမည် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက်ပေါင်း |
|---|---|---|---|---|---|
| ၁ | ကြက်သွန်နီ | ၃၅ | ၃၅ | ၃၂၅.၈၅ | ၁၁၄၀၅ |
| ၂ | ရေပ်စို | ၃၄ | ၃၄ | ၈၇၅ | ၂၉၇၅၀ |
| ၃ | ရေပ်ခြောက် | - | - | - | |
| ၄ | ကုလားပဲ | ၁၁၃၅ | ၁၁၃၅ | ၁၂.၁၀ | ၁၃၇၃၄ |
| ၅ | ရေပ်ကောင်း | ၂၂ | ၂၂ | ၅၅ | ၁၂၁၀ |
| ၆ | ဟင်းသီးဟင်းရွက် | ၁၅၀ | ၁၅၀ | ၁၈၉၄ | ၂၈၄၁၀၀ |
| **မြို့နယ်ချုပ်** | | **၁၃၇၆** | **၁၃၇၆** | **၃၁၆၁.၉၅** | **၃၄၀၁၉၉** |

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ် သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် |
| ၁ | - | - | - | ၁ | - | - | - | ၁၃၀ | ၁၅၀၀ | - | ၉၀ | ၈၀ | ၄၂၀ | ၁၀၇၅ |

## (င) လယ်ယာသုံးထယ်၊ထွန်နှင့်ကျွဲ၊နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲနွားကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၈၂၄၁ | ၈၂၇၇ | ၈၀၅ | ၁၄၇၅၀ |

## (စ) ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၁၉ အမှန် | ၂၀၁၉-၂၀ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၇၀၆၃၈ | ၇၀၈၈၁ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | | | | |
| | -ကျေးလက်နေ | တင်း | ၁၅ | ၁၅ | |
| | -မြို့နေ | တင်း | ၁၂ | ၁၂ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၁၀၁၄၂၈၅ | ၁၀၁၇၈၁၉ | |
| ၄ | စပါးစိုက်ကေပေါင်း | ဧက | ၄၉၉၁၆ | ၅၀၆၅၉ | |
| | -အထွက်နှုန်း | တင်း | ၇၇.၅၆ | ၇၇.၆၀ | |
| | -အထွက်တင်း | တင်း | ၃၈၇၁၄၈၄.၉၆ | ၃၉၁၀၈၀၈ | |
| ၅ | လာမည့်နှစ်စပါးစိုက်ဧက | ဧက | ၅၀၆၅၉ | ၅၀၆၂၆၇ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၈၉၈၃၂ | ၁၀၁၃၁၈ | |
| ၇ | အသုံးပြုတင်း | တင်း | ၁၂၅၃၈၆၅ | ၁၂၇၁၁၁၄ | |
| ၈ | ပိုလျှံမှု | တင်း | ၂၆၁၇၆၁၉.၉၆ | ၂၆၆၀၀၂၄.၄ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | - | ၃၆၅၉၇၇၄ | |
| ၁၀ | ဖူလုံမှု | % | ၃၀၈.၇၆% | ၃၀၈.၂၂ % | |

## (ဆ) ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၁၉ အမှန် | ၂၀၁၉-၂၀ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၇၀၆၃၈ | ၇၀၈၈၁ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | ပိဿာ | ၆ | ၆ | |
| | ဝမ်းစာလိုအပ်ချက် | တန် | ၆၉၁.၉၆ | ၆၉၄.၃၄ | |
| | ဆီထွက်ရှိမှု | တန် | ၄၇.၅၉ | ၃၃.၆၄ | |
| ၃ | အလေအလွင့်နှင့် အခြား | တင်း | ၁၂၆၃ | ၅၀၄ | |
| ၄ | ချန်လှပ်ရမည့်တင်း | ဧက | - | ၄၄၀ | |
| | အသုံးပြုမှု | မက်/တန် | ၆၉၂ | ၆၉၄ | |
| | လိုအပ်မှု | မက်/တန် | ၆၄၄ | ၆၉၄.၉၁ | |
| ၅ | ဖူလုံမှု | ရာခိုင်နှုန်း | ၇.၆၈ % | ၄.၈၄ % | |

## မွေးမြူရေးလုပ်ငန်းများ

၂၅။ ဇီးကုန်းမြို့နယ်၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ** ။ မရှိပါ။

(ခ) **မြို့နယ်မွေးမြူရေး (ကောင်ရေ)**

| စဉ် | မြို့နယ် | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဇီးကုန်း | ၂၀၁၉-၂၀၂၀ | ၃၀ | ၂၃၀ | ၇၀၅ | ၄၀ | ၉၁၆၁၅ | ၂၂၇၅ | - |
| မြို့ နယ်ချုပ် | | ၂၀၁၉-၂၀၂၀ | ၃၀ | ၂၃၀ | ၇၀၅ | ၄၀ | ၉၁၆၁၅ | ၂၂၇၅ | - |

(ဂ) **မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)**

| စဉ် | မြို့နယ် | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဇီးကုန်း | ၂၀၁၉-၂၀၂၀ | - | ၂၄၀၀၉၅ | ၅၁၅၅၆၅ | ၇၇၁၅ | ၂၅၂၇၉၉၀ | ၂၆၃၉၉၅ | - |
| မြို့နယ်ချုပ် | | ၂၀၁၉-၂၀၂၀ | - | ၂၄၀၀၉၅ | ၅၁၅၅၆၅ | ၇၇၁၅ | ၂၅၂၇၉၉၀ | ၂၆၃၉၉၅ | - |

(ဃ) **မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)**

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|---|
| ၁ | ဇီးကုန်းမြို့နယ် | ၂၀၁၉-၂၀၂၀ | ၁၇၈၆၇၄၉၅ | ၂၃၇၃၄၈၅ | - |
| မြို့နယ်ချုပ် | | ၂၀၁၉-၂၀၂၀ | ၁၇၈၆၇၄၉၅ | ၂၃၇၃၄၈၅ | - |

(င) **မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု ။မရှိပါ။**

(စ) **မြို့နယ်ငါး၊ ပုစွန်မွေးမြူမှု အခြေအနေ။မရှိပါ။**

(ဆ) **ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်မှု(တန်) မရှိပါ။**

## စက်မှုလက်မှုလုပ်ငန်း

၂၆။ ဇီးကုန်းမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စက်မှုဇုန်များ။** **မရှိပါ။**

(ခ) **မြို့နယ်ရှိစက်ရုံများ**

| စဉ် | မြို့နယ် | စက်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သား အင်အား |
|---|---|---|---|---|---|---|
| ၁ | ဇီးကုန်း | | ဟာလာဆန်စက် | - | ၅၀ | ၂၃၄ |
| ၂ | ။ | | အမှုန့်ကြိတ်စက် | - | ၂ | ၂ |
| ၃ | ။ | | သစ်စက် | - | ၃ | ၁၄ |
| ၄ | ။ | | ရေသန့်စက် | - | ၁ | ၇ |
| ၅ | ။ | | ဆီစက် | - | ၃ | ၁၀ |
| | | **ပေါင်း** | | | **၅၉** | **၂၆၇** |

(ဂ) **မြို့နယ်ရှိအလုပ်ရုံများ**

| စဉ် | မြို့နယ်/ မြို့ | အလုပ်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သား အင်အား |
|---|---|---|---|---|---|---|
| ၁ | ဇီးကုန်း | တင်ဟော့ ဇာထိုးပန်းထိုး | - | | ၁ | ၃၁၈ |

## (ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

| စဉ် | စက်မှုလက်မှုလုပ်ငန်းအမျိုးအစား | အရေအတွက် | လုပ်သား အင်အား |
|---|---|---|---|
| ၁ | စက်ချုပ်လုပ်ငန်း | ၁၃၀ | ၁၃၀ |
| ၂ | ပန်းတိမ်လုပ်ငန်း | ၁၇ | ၁၇ |
| ၃ | ပန်းဘဲ | ၇ | ၇ |
| ၄ | မုန့်လုပ်ငန်း | ၃ | ၁၅ |
| ၅ | ဝါးခမောက်လုပ်ငန်း | ၂ | ၁၅ |
| **မြို့နယ်ချုပ်** | | **၁၅၉** | **၁၈၄** |

## သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၇။ ဇီးကုန်း မြို့နယ်၏သစ်တောလုပ်ငန်းနှင့် ပတ်သက်သော အချက် အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သစ်တောများ**

| စဉ် | အကြောင်းအရာ | ဧရိယာ(ဧက) | ပေါက်သည့်အပင်များ |
|---|---|---|---|
| ၁ | ကြိုးဝိုင်း | ၆၂၄၆.၃၉ | သင်းဝင်၊ နဘဲ၊ချဉ်ယုတ် အင်း၊ သစ်မာ |
| ၂ | ကြိုးပြင် | - | - |
| **မြို့နယ် ချုပ်** | | **၆၂၄၆.၃၉** | |

(ခ) **စီးပွားဖြစ်သစ်တောစိုက်ခင်း။ မရှိပါ။**

(ဂ) **သစ်ထုတ်လုပ်မှု။ မရှိပါ။**

### (ဃ) **သစ်တောထွက်ပစ္စည်းများ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ထုတ်လုပ်မှု |
|---|---|---|---|
| ၁ | ထင်း | ကုဗတန် | ၅၀၀ |
| ၂ | မီးသွေး | ကုဗတန် | ၅၀၀ |
| ၃ | ဝါး | လုံး | ၁၀ |
| ၄ | ကြိမ် | လုံး | - |
| ၅ | ရှားစေး | ပိဿာ | - |
| ၆ | သစ်ခေါက် | ပိဿာ | ၁၃၅၀ |
| ၇ | သစ်ခွ | ပိဿာ | - |
| ၈ | သနပ်ခါး | ပိဿာ | - |
| ၉ | ဖာလာစေ့ | ပိဿာ | - |
| ၁၀ | ပျားရည် | ပိဿာ | - |
| ၁၁ | ခနိ/သက္ကယ် | ပိဿာ | ၃၀ |
| ၁၂ | လျှော်ကြ | ပိဿာ | ၁၆၀ |

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း**

၂၈။ ဇီးကုန်းမြို့နယ်၏ တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) **ခဲတ်သတ္တုတူးဖော်ထုတ်လုပ်မှု**

| စဉ် | ခဲတ်သတ္တု အမျိုးအစား | ထွက်ရှိသည့်ဒေသ | ထုတ်လုပ်မှု ပမာဏ | ထုတ်လုပ်မှုတန်ဘိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|
| ၁ | အုတ်ထုတ် လုပ်ခြင်း | ဇီးကုန်း | (၃၉) ဖို | ၀.၄၈၈ |
| **မြို့နယ်ချုပ်** | | **ဇီးကုန်း** | **(၃၉) ဖို** | **၀.၄၈၈** |

### (ခ) **ကျောက်မျက်တူးဖော်ထုတ်လုပ်မှု။** **မရှိပါ။**

## စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ

၂၉။ ဖီးကုန်းမြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်**

| စဉ် | မြို့နယ် /မြို့ | ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းချမှု စည်ပေါင်း | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | | | | ဓါတ်ဆီ | ဒီဇယ် | |
| ၁ | ဖီးကုန်း မြို့နယ် | 2000 Ltd | - | ပုဂ္ဂလိက | ၉၆၀ | ၃၈၄ | ၁၃၄၄ |
| ၂ | ဖီးကုန်း မြို့နယ် | ရွှေပြည်ဓနု | - | ပုဂ္ဂလိက | ၈၀၀ | ၃၅၆ | ၁၁၅၆ |
| ၃ | ဖီးကုန်း မြို့နယ် | ဝင်းကမ္ဘာ | - | ပုဂ္ဂလိက | ၆၀၀ | ၃၃၀ | ၉၃၀ |
| ၄ | ဖီးကုန်း မြို့နယ် | 128 မိုင် | - | ပုဂ္ဂလိက | ၆၀၀ | ၃၃၀ | ၉၃၀ |
| မြို့နယ်ချုပ် | | | | ၄ | ၂၉၆၀ | ၁၄၀၀ | ၄၃၆၀ |

(ခ) **သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ ။ မရှိပါ။**

## ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း

၃၀။ ဇီးကုန်းမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေကြောင်းလမ်း ။ မရှိပါ။**

( ခ ) **ရေကြောင်းလမ်း ။ မရှိပါ။**

(ဂ) **ရထားလမ်းနှင့် ဘူတာရုံများ**

| စဉ် | ရထားလမ်းအမည် | မြို့နယ်အတွင်း | | အရှည် မိုင် | ဘူတာ အရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | ကြီး | သေး |
| ၁ | ရန်ကုန် - ပြည်လမ်း | ၁၁၃မိုင်/ ၁၃တိုင် | ၁၁၉မိုင်/ ၅မိုင် | ၅မိုင်၅ ဖာလုံ | - | ၁ |
| **မြို့နယ်ချုပ်** | | ၁၁၃မိုင်/ ၁၃တိုင် | ၁၁၉မိုင်/ ၅မိုင် | ၅မိုင်၅ ဖာလုံ | - | ၁ |

**(ဃ) ကားဂိတ်များ**

| **စဉ်** | **မြို့နယ်/ မြို့** | **ကားဂိတ် အမည်** | **ပြေးဆွဲ သည့် ခရီးစဉ်** | **ပြေးဆွဲသည့် ယာဉ် အမျိုးအစား** | **ပြေးဆွဲ သည့်ယာဉ် စီးရေ** |
|---|---|---|---|---|---|
| ၁ | ဇီးကုန်း မြို့နယ် | စစ်မှုထမ်း ဟောင်း | ဇီးကုန်း-ပြည် ဇီးကုန်း- ရန်ကုန် | Express ဒိုင်နာ/ကင်ဒါ လိုက်ထရပ် ဟိုင်းလပ် | ၂၇ |
| **မြို့နယ်ချုပ်** | | ၁ | ၂ | | **၂၇** |

## လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနမှ ဆောင်ရွက်သည့်လုပ်ငန်းများ

၃၁။ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ကားလမ်း**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁ | ရန်ကုန်-ပြည် | ၁၂၇ မိုင် ၃ ဖာလုံ | ၁၃၃ မိုင် | ၅ မိုင် ၅ဖာလုံ |
| ၂ | ကြို့ပင်ကောက်-ဇီးကုန်းလမ်း | ၇/၆ | ၁၄/၂ | ၆မိုင်၄ဖာလုံ |
| ၃ | ဇီးကုန်း-ပန်းတင်ကြီး-ကုန်းသာ- တာပွန်လမ်း | ၀/၀ | ၃/၅ | ၃မိုင်၅ဖာလုံ |
| ၄ | ညောင်ဇင်-မြောက်လွတ်ကုန်း-ပန်းတင်လေး | ၀/၀ | ၂/၇ | ၂မိုင်၇ဖာလုံ |
| | မြို့နယ်ချုပ် | ၁၃၅ မိုင်/ ၁ဖာလုံ | ၁၅၃မိုင်/ ၆ဖာလုံ | ၁၈မိုင် /၅ ဖာလုံ |

(ခ) **မြို့နယ်ချင်းဆက်လမ်းများ**

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံလမ်း | |
| ၁ | ရန်ကုန်-ပြည်လမ်း | ၅မိုင်၅ဖာလုံ | ၅/၅ | - | - | |
| ၂ | ကြို့ပင်ကောက်-ဇီးကုန်းလမ်း | ၆မိုင်၄ဖာလုံ | ၆/၄ | - | - | |
| ၃ | ဇီးကုန်း-ပန်းတင်ကြီး -ကုန်းသာ- တာပွန်လမ်း | ၃မိုင်၅ဖာလုံ | ၃/၅ | - | - | |
| မြို့နယ်ချုပ် | | ၁၅ မိုင် ၆ ဖာလုံ | ၁၅ / ၆ | - | - | |

## (ဂ) တံတားများ

### (၁) ပေ(၁၈၀)အထက်တံတားများ ။ မရှိပါ ။

### (၂) ပေ(၁၈၀)အောက်တံတားများ

| စဉ် | ပေ(၅၀)မှ (၁၈၀)ရှိ တံတားအမည် | အရှည် (ပေ) | အမျိုး အစား | တည်ဆောက်သည့် ခုနှစ် | သွားလာနိုင်သည့် ယာဉ် (ကား/ရထား) | ပေ(၅၀) အောက် တံတား အရေ အတွက် |
|---|---|---|---|---|---|---|
| ၁ | ဇရပ်လှတံတား | ၁၀၀ | RC | ၂၀၁၈ | ကား | ၂၀ |
| ၂ | ဒီးကုန်း-ပန်းတင်ကြီး - ကုန်းသာလမ်းပေါ်ရှိတံတား | ၁၀၀ | RC | ၂၀၁၆-၂၀၁၇ | ကား | ၉ |
| | ညောင်ဇင်-မြောက်လွတ် ကုန်း-ပန်းတင်လေးလမ်း | | | | | ၂ |
| ၃ | ဝက်ကော်တံတား | ၁၆၀ | RC | | ကား | ၁၃ |
| ၄ | စမ်းရွာတံတား | ၁၀၀ | RC | | ကား | ၂၂ |
| မြို့ချုပ် | | ၄ | | | | ၆၆ |

## (ဃ) လမ်းတံတားသုံးစက်ကိရိယာများ

| စဉ် | မြို့နယ်/ မြို့ | လမ်းတံတားသုံးစက်ကိရိယာများ | | | | လုပ်သား ဦးရေ |
|---|---|---|---|---|---|---|
| | | မြေထိုး စက် | မြေကော် စက် | မြေကြိတ် စက် | မြေ သယ် ယာဉ် | |
| ၁ | ဒီးကုန်း | - | - | ၁ | - | ၁ |
| မြို့နယ် ချုပ် | | - | - | ၁ | - | ၁ |

## ( င ) လမ်း/ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း

| စဉ် | တိုးဂိတ် အမည် | တည်နေရာ | လမ်း/တံတားအရှည် | | ကုမ္ပဏီ/အဖွဲ့အစည်း/ လူပုဂ္ဂိုလ် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | ဒီးကုန်းတိုးဂိတ် | ၁၃၁ / ၆ | သာယာဝတီ (၈၁/၆) | ပြည် (၁၇၄/၁) | မက်(စ်) ဟိုင်းဝေး ကုမ္ပဏီ |

## ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

၃၂။ ဇီးကုန်းမြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း**

**(၁) ဟိုတယ် ။ မရှိပါ ။**

**(၂) မိုတယ်၊ အင်း၊ တည်းခိုခန်း**

| စဉ် | အမည် | တည်နေရာ | မိုတယ် | အင်း | တည်းခိုခန်း |
|---|---|---|---|---|---|
| ၁ | နီလာမြိုင် | အမှတ်(၁) ရပ်ကွက် မြို့သစ် (၃)လမ်း | | | ၁ |
| ၂ | ရွှေဆည်းဆာ | အမှတ်(၁) ရပ်ကွက် မြို့သစ် (၂)လမ်း | | | ၁ |
| ၃ | ရွှေအရိပ် | အမှတ်(၃)ရပ်ကွက် စမ်းရွာ | | | ၁ |
| ၄ | ရတနာဦး | ဈေးလမ်း အမှတ်(၄)ရပ်ကွက် | | | ၁ |
| ၅ | ရတနာ | ရန်ကုန်-ပြည်လမ်း ကန္တလီအုပ်စု | | | ၁ |
